# 2026 ခုနှစ် မဲပေးလွှာ လမ်းညွှန်

မဲပေးရန် စာရင်းသွင်းထားကြသော အမေရိကန်နိုင်ငံသားများသည် 2026 ခုနှစ်၊ နိုဝင်ဘာလ 3 ရက်၊ အင်္ဂါနေ့တွင် အစိုးရ၏ ခေါင်းဆောင်ပိုင်း ရာထူးများစွာအတွက် ဆုံးဖြတ်ပေးရန် အခွင့်အရေး ရရှိကြပါမည်။ ဤမဲပေးလွှာ လမ်းညွှန်သည် ပြည်နယ်တစ်ဝန်းရှိ ရွေးကောက်ပွဲငါးခုအတွက် ကိုယ်စားလှယ်လောင်းများအကြောင်း ပိုမိုနားလည်စေရန် ရည်ရွယ်ထားသောကြောင့် သင်မည်သူ့ကို မဲပေးလိုသည်ကို သင်ကိုယ်တိုင် ဆုံးဖြတ်နိုင်ပါမည်။ ဤလမ်းညွှန်ပါ အချက်အလက်များအပြင် နောက်ထပ်အချက်အလက်များကို လေ့လာပြီး ခရိုင်ကိုယ်စားလှယ်လောင်းများကိုလည်း မဲပေးရန် ကျွန်ုပ်တို့ တိုက်တွန်းအပ်ပါသည်။

Asian Services in Action သည် ဘက်မလိုက်သော 501(c)3 အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ဤလမ်းညွှန်ပါ အကြောင်းအရာများကို ကိုယ်စားလှယ်လောင်းများ၏ ဝက်ဘ်ဆိုက်များ သို့မဟုတ် ၎င်းတို့၏ Ballotpedia စစ်တမ်းအဖြေများမှ ရယူထားခြင်း ဖြစ်သည်။

## အုပ်ချုပ်ရေးမှူး (ကိုယ်စားလှယ်လောင်းများကို ၎င်းတို့၏ အမည်နောက်ဆုံး စာလုံး အက္ခရာစဉ်အလိုက် ဖော်ပြထားသည်)

အုပ်ချုပ်ရေးမှူးသည် ပြည်နယ်အစိုးရ၏ အကြီးအကဲဖြစ်သည်။

| ကိုယ်စားလှယ်လောင်း | **Amy Acton (D)** | **Don Kissick (L)** | **Vivek Ramaswamy (R)** |
|---|---|---|---|
| **တွဲဖက်ကိုယ်စားလှယ်လောင်း** | David Pepper | James L. Mills | Robert A. McColley |
| **နောက်ခံအချက်အလက်** | Acton သည် အုပ်ချုပ်ရေးမှူး Dewine လက်အောက်ရှိ Ohio ပြည်သူ့ကျန်းမာရေးဌာန၏ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သူမသည် ကလေးသူငယ်ကာကွယ်ဆေးထိုးနှံခြင်းကို အားပေးမြှင့်တင်ရန် ရည်ရွယ်လုပ်ဆောင်သော Columbus ကိုယ်ကျိုးမဖက်အဖွဲ့အစည်း Project LOVE ၏ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သူမသည် Youngstown၊ Ohio မှ ဆရာဝန်တစ်ဦးနှင့် ရပ်ရွာခေါင်းဆောင်တစ်ဦးဖြစ်သည်။ သူမသည် လက်ရှိတွင် သူမ၏ခင်ပွန်းနှင့် ကလေးများနှင့်အတူ Bexley၊ Ohio တွင် နေထိုင်သည်။ | Kissick သည် အမေရိကန်ပြည်ထောင်စု ရေတပ်တွင် 6 နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး Desert Shield နှင့် Desert Storm နှစ်ခုလုံးတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ သူသည် ယခင်က အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော် (2024) နှင့် အမေရိကန်ပြည်ထောင်စု အောက်လွှတ်တော် Ohio D-5 (2018) အတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ လက်ရှိတွင် သူသည် ဇနီးဖြစ်သူနှင့် ကလေးနှစ်ယောက်နှင့်အတူ Ottawa၊ Ohio တွင် နေထိုင်သည်။ | Ramaswamy သည် စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး Roivant Sciences (ဇီဝဆေးဝါးကုမ္ပဏီ) ၏ တည်ထောင်သူဖြစ်သည်။ Donald Trump ကို ထောက်ခံသည့်အနေဖြင့် သူ၏ မဲဆွယ်စည်းရုံးရေးကို အဆုံးသတ်ခြင်းမပြုမီ 2024 ခုနှစ် ရွေးကောက်ပွဲတွင် ရီပတ်ဘလီကန်သမ္မတလောင်းအဖြစ် ယခင်က ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ လက်ရှိတွင် သူသည် ဇနီးဖြစ်သူနှင့် ကလေးများနှင့်အတူ Columbus၊ Ohio တွင် နေထိုင်သည်။ |

| | | | |
|---|---|---|---|
| **ကိုယ်စားလှယ်လောင်းများ၏ ဦးစားပေးမှုများနှင့် ၎င်းတို့၏ ရပ်တည်ချက်များ။** | နေထိုင်မှုကုန်ကျစရိတ်<br>• နှုန်းထားများ အလွန်အကျွံ တိုးမြှင့်ခြင်းနှင့် အမြတ်ထုတ်သည့်လုပ်ရပ်များမှ စားသုံးသူများကို ပိုမိုကောင်းမွန်စွာ ကာကွယ်နိုင်စေရန်အတွက် စားသုံးသူများဆိုင်ရာရှေ့နေရုံး၏ ဘတ်ဂျက်ကို ပြန်လည်ပြင်ဆင်ရေးဆွဲရန် ကျွန်ုပ်တို့၏ ရှေ့နေချုပ်နှင့်အတူ လုပ်ဆောင်သွားပါမည်။<br>• ကျွန်ုပ်၏စီမံအုပ်ချုပ်ရေးအဖွဲ့သည် Ohio ၏ အိမ်တွင်းစွမ်းအင်သုံးစွဲမှု ထောက်ပံ့ရေး ပရိုဂရမ်၊ ဝင်ငွေရာခိုင်နှုန်းအလိုက် ပေးချေမှုအစီအစဉ် (PIPP) နှင့် အိမ်တွင်း ရာသီဥတုဒဏ်ကာကွယ်ပေးရေးဆိုင်ရာ ထောက်ပံ့ရေး ပရိုဂရမ်ကဲ့သို့ ကုန်ကျစရိတ်သက်သာစေသည့် ပရိုဂရမ်များကို အသုံးပြုခွင့်ရရှိအောင် တိုးချဲ့လုပ်ဆောင်ခြင်းဖြင့် Ohio မိသားစုများ၏ ကုန်ကျစရိတ်များကို လျှော့ချပေးမည်ဖြစ်ပြီး Washington ၏ ဖိအားပေးမှုများနှင့် ရင်ဆိုင်ရသော်လည်း Ohio တွင် နေထိုင်သူများအတွက် ဤပရိုဂရမ်များကို ဆက်လက်ပေးအပ်နိုင်ရေး သေချာအောင် ဆောင်ရွက်ပါမည်။<br>• လျှပ်စစ်ဓာတ်အား၊ ဓာတ်ငွေ့၊ ရေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် အခြားဝန်ဆောင်မှုများကဲ့သို့ ဒေတာစင်တာ တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းအတွက် ထပ်ဆောင်းကုန်ကျစရိတ်အားလုံးကို Ohio အခွန်ထမ်းများနှင့် ရပ်ရွာလူထုများက ကျခံခြင်းမဟုတ်ဘဲ ဒေတာစင်တာများနှင့် ရင်းနှီးမြှုပ်နှံသူများက ကျခံရမည်။ | နေထိုင်မှုကုန်ကျစရိတ်/အလုပ်အကိုင်<br>• အထူးသဖြင့် ယာယီအလုပ်သမားများ၊ ကုန်သည်များ၊ အသေးစားစီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်းကလေးထိန်းနှင့် အခြားသော ဒေသတွင်း စွန့်ဦးတီထွင်လုပ်ငန်းရှင် အမျိုးအစားများကဲ့သို့ အသေးစားစီးပွားရေးလုပ်ငန်းများအတွက် လိုင်စင်ထုတ်ပေးခြင်းနှင့် စည်းမျဉ်းစည်းကမ်းများကို ရိုးရှင်းလွယ်ကူအောင် ပြုလုပ်ပေးမည်ဖြစ်သည်။<br>• ကျွန်ုပ်တို့သည် လက်ရှိ မဲပေးလွှာတွင် ပါဝင်သော အိမ်ခြံမြေအခွန် ပြင်ဆင်ချက်ကို အဆုံးသတ်ရန် ထောက်ခံပြီး ၎င်း၏နေရာတွင် ဒေသဆိုင်ရာ စားသုံးမှုအခြေခံ အခွန်များကို မြင်တွေ့လိုပါသည်။ အဘယ်ကြောင့်ဆိုသော် (အထွေထွေ ပညာရေးရန်ပုံငွေဟု ဆိုသော်လည်း) ထိုမှ ရရှိသောငွေများကို မည်သည့်နေရာတွင် သုံးစွဲမည်ဖြစ်ကြောင်း ပွင့်လင်းမြင်သာမှု မရှိဘဲ ၎င်းကို ဘတ်ဂျက်လိုငွေပြသည့် အခြားနယ်ပယ်များအတွက် ယာယီဖြေရှင်းချက်အဖြစ် အသုံးပြုနေသည်ဟု ကျွန်ုပ်တို့ ထင်မြင်ပါသည်။ | နေထိုင်မှုကုန်ကျစရိတ်/အလုပ်အကိုင်<br>• ဈေးနှုန်းကြီးမြင့်မှုကြောင့် မိသားစုများ၊ သက်ကြီးရွယ်အိုများနှင့် အိမ်ပိုင်ရှင်များ ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းများအတွင်းမှ ထွက်ခွာရမှုများမရှိအောင် ကာကွယ်ရန်အတွက် အိမ်ခြံမြေခွန်များကို ချက်ချင်းလျှော့ချပေးပါမည်။<br>• Ohio တွင် နေထိုင်သူတိုင်း ၎င်းတို့ ရှာဖွေရရှိသည့်ဝင်ငွေကို ပိုမိုထိန်းသိမ်းထားနိုင်ရန်အတွက် အရင်းအနှီးအမြတ်ခွန်များ ပယ်ဖျက်ခြင်းမှ စတင်ပြီး ပြည်နယ်ဝင်ငွေခွန်များကို အဆင့်ဆင့် လျှော့ချပေးပါမည်။<br>• Ohio ၏ စွမ်းအင်ထောက်ပံ့နိုင်မှုကို ပိုမိုကောင်းမွန်စေရန်နှင့် မိသားစုတစ်စုချင်းစီ၏ လျှပ်စစ်ဓာတ်အားခများကို လျှော့ချနိုင်ရန်အတွက် သဘာဝဓာတ်ငွေ့သုံးစွဲမှုကို မြှင့်တင်ပြီး ဆန်းသစ်သော စွမ်းအင်နည်းပညာများကို အသုံးပြုသွားပါမည်။<br>ပညာရေး<br>• 3 တန်းအဆင့် စာတတ်မြောက်မှု၊ 8 တန်းအဆင့် သင်္ချာတွက်ချက်နိုင်စွမ်းနှင့် 12 တန်းအဆင့် နိုင်ငံသားအခွင့်အရေး၊ ကျင့်ဝတ်နှင့် တာဝန်များကို လေ့လာရန် စာရိတ္တနှင့် ပြည်သူ့နီတိ သိရှိနိုင်စွမ်းတို့ကို အာရုံစိုက်ပြီး ပညာရေးအဆင့်အတန်းကို မြှင့်တင်ပါမည်။<br>• မိဘများအား ၎င်းတို့ကလေး စာသင်ယူသည့်နေရာနှင့် စာသင်ယူသည့်ပုံစံတို့အပေါ် ပွင့်လင်းမြင်သာမှုရှိပြီး အဓိပ္ပာယ်ပြည့်ဝသော ရွေးချယ်ခွင့်များ ပေးပါမည်။<br>• ထူးချွန်သည့် ဆရာများကို ဆုချီးမြှင့်ခြင်းနှင့် ထူးချွန်အရည်အချင်းရှိသူများကို ဤသက်မွေးဝမ်းကျောင်းတွင် ပါဝင်လုပ်ကိုင်လာရန် ခေါ်ယူခြင်းတို့ဖြင့် ကျွန်ုပ်တို့၏ အတော်ဆုံး ဆရာမများကို လစာပိုပေးမည်။<br>• ခိုင်မာသော စိတ်ထားနှင့် ကြံ့ခိုင်သော ခန္ဓာကိုယ်တို့ဖြင့် ကလေးများ ပညာသင်ယူနိုင်ရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများနှင့် နေ့စဉ်ကာယပညာရေးကို မြှင့်တင်ပါမည်။<br>• လစာကောင်းသော အလုပ်အကိုင်များသို့ ဝင်ရောက်နိုင်သော လမ်းကြောင်းမှန်များကို ဖန်တီးနိုင်ရန်အတွက် သက်မွေးဝမ်းကျောင်း-နည်းပညာ ပညာရေးနှင့် အလုပ်သင်စနစ်တို့ကို တိုးချဲ့ပေးပါမည်။ |

| | | | |
|---|---|---|---|
| **Candidates' Priorities and where they stand.** | အဂတိလိုက်စားမှု<br>• အုပ်ချုပ်ရေးမှူးတစ်ဦးအနေဖြင့် ကျွန်ုပ်သည် ပွင့်လင်းမြင်သာမှု အပြည့်အဝရရှိရန် တောင်းဆိုပြီး ပိုမိုပြည့်စုံစွာ ထုတ်ဖော်ပြောကြားရန် ဥပဒေပြဋ္ဌာန်းကာ ကျွန်ုပ်တို့၏ ရွေးကောက်ပွဲ ရန်ပုံငွေစနစ်ကို ပြုပြင်ပြောင်းလဲမည့်အပြင် ပွင့်လင်းမြင်သာသော တင်ဒါခေါ်ယူခြင်း၊ စာချုပ်ချုပ်ဆိုခြင်းနှင့် ခန့်အပ်ခြင်း လုပ်ငန်းစဉ်များကို ပုဂ္ဂလိကအကျိုးစီးပွားများ သို့မဟုတ် အလှူရှင်ကြီးများကိုယ်စားဆုံးဖြတ်ချက်များ ချမှတ်ခြင်းမဟုတ်ဘဲ အများပြည်သူကိုယ်စားဆုံးဖြတ်ချက်များ ချမှတ်ကြောင်း သေချာစေရန် ဆောင်ရွက်ပါမည်။<br>ပညာရေး<br>• အုပ်ချုပ်ရေးမှူးတစ်ဦးအနေဖြင့် အစိုးရကျောင်းရန်ပုံငွေကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသောအဆင့်သို့ ပြန်လည်ဖြည့်ဆည်းပေးမည်ဖြစ်ပြီး ကုန်ကျစရိတ်များ လွန်း၍ ပွင့်လင်းမြင်သာမှုမရှိသော ပုဂ္ဂလိကကျောင်းဘောက်ချာစနစ်ကို ထိန်းချုပ်သွားမည်ဖြစ်ကာ ထိုစုငွေများကို ကျောင်းသားများ၊ ဆရာများနှင့် သက်သေပြထားပြီးဖြစ်သော အကောင်းဆုံး လုပ်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံရန် အသုံးပြုခြင်းဖြင့် Ohio ကို နိုင်ငံတစ်ဝန်း ပညာရေးတွင် ဦးဆောင်သူနေရာသို့ ပြန်လည်ရောက်ရှိအောင် လုပ်ဆောင်ပါမည်။ | အဂတိလိုက်စားမှု<br>• ကျွန်ုပ်တို့သည် ကော်ပိုရိတ်လုပ်ငန်းများမှ လာဘ်ပေးလာဘ်ယူမှုများကို နောက်ထပ်မမြင်လိုပါ- အများပြည်သူသုံးအခြေခံဝန်ဆောင်မှုများ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆက်သွယ်ရေးနှင့် အာမခံဆိုင်ရာ စည်းမျဉ်းထိန်းချုပ်ထားသော လက်ဝါးကြီးအုပ်ကုမ္ပဏီများဆီမှ ကော်ပိုရိတ်ထောက်ပံ့ငွေများသည် နိုင်ငံရေးသမားများထံသို့ ရောက်ရှိလာခဲ့သည်မှာ အချိန်အတော်ကြာပြီဖြစ်သည်။<br>• ကျွန်ုပ်တို့သည် ဥပဒေပြုလွှတ်တော်အမတ်များအား ရာထူးတာဝန်ယူပြီးနောက် 5 နှစ်အတွင်း အကျိုးအမြတ်အတွက် လှုံ့ဆော်သူများအဖြစ် လုပ်ဆောင်ခြင်းကို တားမြစ်လိုပါသည်<br>• အစိုးရစာချုပ်များနှင့် ဘတ်ဂျက်များတွင် အလုံးစုံပွင့်လင်းမြင်သာမှု ရှိစေလို့ပြီး ထိုအချက်အလက်များကို အများပြည်သူဒေတာဘေ့စ်တွင် ခွဲခြားသိရှိနိုင်ပြီး ရှာဖွေနိုင်အောင် ထားရှိစေလိုပါသည်။<br>ဒေတာ စင်တာများ<br>• ကျွန်ုပ်တို့သည် ပွင့်လင်းမြင်သာမှု၊ ပုဂ္ဂလိကပိုင်ဆိုင်ခွင့် အခွင့်အရေးများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကို ထောက်ခံအားပေးပြီး နိုင်ငံရေးနှင့်ဆက်စပ်နေသော စီးပွားရေးလုပ်ငန်းများတွင် မဟုတ်ဘဲ Ohio လူမှုအသိုင်းအဝိုင်းများတွင် ၎င်းတို့၏အနာဂတ်ကို သက်ရောက်မှုရှိစေသော စီမံကိန်းများအပေါ် ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိကြောင်း သေချာအောင် ဆောင်ရွက်ပါမည်။ | • ပညာရေး<br>• 3 တန်းအဆင့် စာတတ်မြောက်မှု၊ 8 တန်းအဆင့် သင်္ချာတွက်ချက်နိုင်စွမ်းနှင့် 12 တန်းအဆင့် နိုင်ငံသားအခွင့်အရေး၊ ကျင့်ဝတ်နှင့် တာဝန်များကို လေ့လာရန် စာရိတ္တနှင့် ပြည်သူ့နီတိ သိရှိနိုင်စွမ်းတို့ကို အာရုံစိုက်ပြီး ပညာရေး အဆင့်အတန်းကို မြှင့်တင်ပါမည်။<br>• မိဘများအား ၎င်းတို့ကလေး စာသင်ယူသည့်နေရာနှင့် စာသင်ယူသည့်ပုံစံတို့အပေါ် ပွင့်လင်းမြင်သာမှုရှိပြီး အဓိပ္ပာယ်ပြည့်ဝသော ရွေးချယ်ခွင့်များ ပေးပါမည်။<br>• ထူးချွန်သည့် ဆရာများကို ဆုချီးမြှင့်ခြင်းနှင့် ထူးချွန်အရည်အချင်းရှိသူများကို ဤသက်မွေးဝမ်းကျောင်းတွင် ပါဝင်လုပ်ကိုင်လာရန် ခေါ်ယူခြင်းတို့ဖြင့် ကျွန်ုပ်တို့၏ အတော်ဆုံး ဆရာမများကို လစာပိုပေးမည်။<br>• ခိုင်မာသော စိတ်ထားနှင့် ကြံ့ခိုင်သော ခန္ဓာကိုယ်တို့ဖြင့် ကလေးများ ပညာသင်ယူနိုင်ရေးအတွက် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများနှင့် နေ့စဉ်ကာယပညာရေးကို မြှင့်တင်ပါမည်။<br>• လစာကောင်းသော အလုပ်အကိုင်များသို့ ဝင်ရောက်နိုင်သော လမ်းကြောင်းမှန်များကို ဖန်တီးနိုင်ရန်အတွက် သက်မွေးဝမ်းကျောင်း-နည်းပညာ ပညာရေးနှင့် အလုပ်သင်စနစ်တို့ကို တိုးချဲ့ပေးပါမည်။ |

<table>
<tr>
<td>ကိုယ်စားလှယ်လောင်းများ၏ ဦးစားပေးမှုများနှင့် ၎င်းတို့၏ ရပ်တည်ချက်များ။</td>
<td>ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်<br>• အုပ်ချုပ်ရေးမှူးတစ်ဦးအနေဖြင့် ကျွန်ုပ်သည် ဆေးညွှန်းဆေးဝါးဈေးနှုန်းများကို လျှော့ချပေးမည်ဖြစ်ပြီး ဆေးကုသစရိတ် ကြွေးမြီများကို လျှော့ပေါ့ပေးမည်ဖြစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပရီမီယံကြေးများကို လျှော့ချပေး၍ မမျှော်လင့်ထားသော ငွေတောင်းခံခြင်းနှင့် ကြမ်းတမ်းစွာ ငွေကောက်ခံမှုများကို တားဆီးနှိမ်နင်းမည်ဖြစ်သည်။<br>စီးပွားရေး/အလုပ်အကိုင်<br>• အုပ်ချုပ်ရေးမှူးတစ်ဦးအနေဖြင့် ကျွန်ုပ်၏ နံပါတ်တစ်ဦးစားပေးမှာ Ohio ရှိ အလုပ်သမား မိသားစုများအတွက် အခွန်လျှော့ချပေးခြင်း၊ မိသားစုများကို ဆင်းရဲမွဲတေမှုမှ ကယ်တင်ပေးခြင်းနှင့် Ohio တွင် နေထိုင်သူများ၏ ကြိုးစားအားထုတ်မှုနှင့် ထိုက်တန်သော ရလဒ်ကို မြင်တွေ့နိုင်ရန် သေချာအောင် ဆောင်ရွက်ပေးခြင်းတို့ဖြစ်သည်။ ဤပြည်နယ်သည် ပြည်နယ်ရှိ အလုပ်သမားမိသားစုများထက် အထူးအကျိုးစီးပွားများနှင့် ချမ်းသာသော အထက်တန်းလွှာများကို အချိန်ကြာမြင့်စွာ ဦးစားပေးခဲ့သည်။</td>
<td>လူ့ဂုဏ်သိက္ခာ<br>• တန်းတူညီမျှသော လက်ထပ်ထိမ်းမြားခွင့်ကို အကာအကွယ်ပေးသည့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းကို ထောက်ခံသည်။<br>• အစိုးရက ကုန်စည်ဖြန့်ချိရေးအတွက် ကုမ္ပဏီအချို့၏ အမြတ်အစွန်းများကိုသာ ကန့်သတ်ထိန်းချုပ်ရန် ဆက်လက်အားထုတ်နေသည့်အတွက် ဆေးခြောက်လုပ်ငန်းမှ အစိုးရ၏ အုပ်ချုပ်မှုနှင့် စည်းမျဉ်းစည်းကမ်းများကို ဖယ်ထုတ်ပါမည်။<br>• လူများကို အကြောင်းမဲ့ တရားမဝင် ထိန်းသိမ်းခြင်း၊ မျက်နှာဖုံးများနောက်တွင် ပုန်းကွယ်နေခြင်းနှင့် ရှင်းလင်းသော အထောက်အထားမရှိဘဲ လုပ်ငန်းများဆောင်ရွက်ခြင်းတို့ဖြင့် တာဝန်ခံမှုမရှိသည့် ဖက်ဒရယ် ဥပဒေစိုးမိုးရေး အေဂျင်စီဖြစ်သော ICE ကို ကျွန်ုပ်တို့က ပြင်းထန်စွာ ဆန့်ကျင်ပါသည်။</td>
<td>ရာဇဝတ်မှု<br>• ကြမ်းတမ်းရက်စက်သော ပြစ်မှုများကို ထပ်ခါတလဲလဲ ကျူးလွန်သူများအတွက် အာမခံဖြင့်လွှတ်ပေးခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းတို့ကို ပိုမိုတင်းကျပ်စွာ အရေးယူဆောင်ရွက်ပါမည်။<br>• ကြမ်းတမ်းရက်စက်သော ရာဇဝတ်သားများကို လျင်မြန်စွာနှင့် တိကျပြတ်သားစွာ ဖမ်းဆီးနိုင်ရေးအတွက် ဒေသဆိုင်ရာ ရဲတပ်ဖွဲ့နှင့် ငြိမ်ဝပ်ပိပြားရေးအရာရှိများကို လုပ်ပိုင်ခွင့်ပေးခြင်းဖြင့် ထောက်ခံအားပေးပါမည်။<br>• အရာရှိများအနေဖြင့် ရာဇဝတ်မှုနှိမ်နင်းရေးကို အာရုံစိုက်နိုင်စေရန်အတွက် ပြင်းထန်သော စိတ်ရောဂါပြဿနာများကို ထိရောက်စွာဖြေရှင်းသွားပါမည်။<br>• မိသားစုများအနေဖြင့် ၎င်းတို့၏ ရပ်ရွာများအတွင်း ဘေးကင်းလုံခြုံသည်ဟု ခံစားရစေရန် ပြည်နယ်တစ်ဝန်း ပြည်သူ့လုံခြုံရေးကို မြှင့်တင်ပါမည</td>
</tr>
<tr>
<td>More info can be found at</td>
<td>https://actonforgovernor.com/</td>
<td>https://donkissick.com/</td>
<td>https://vivekforohio.com/</td>
</tr>
</table>

**ဥပဒေပြုအထက်လွှတ်တော်အမတ် (ကိုယ်စားလှယ်လောင်းများကို ၎င်းတို့၏ အမည်နောက်ဆုံးစာလုံး အက္ခရာစဉ်အလိုက် ဖော်ပြထားသည်)**

အမေရိကန်ပြည်ထောင်စု ဥပဒေပြုအထက်လွှတ်တော်အမတ်များသည် ဥပဒေများ မူကြမ်းရေးဆွဲရန်နှင့် ၎င်းတို့အတွက် မဲပေးရန်၊ အစိုးရအဖွဲ့ဝင် ကိုယ်စားလှယ်လောင်းများကို အတည်ပြုရန် သို့မဟုတ် ငြင်းပယ်ရန်နှင့် ရာထူးအာဏာအလွဲသုံးစားလုပ်သော အစိုးရတာဝန်ရှိသူများအား တစ်နိုင်ငံလုံးကိုယ်စား စွဲချက်တင်စစ်ဆေးခြင်းဆောင်ရွက်ရန် ပြည်နယ်၏ မဲဆန္ဒရှင်များကို ကိုယ်စားပြုပါသည်။

| **ကိုယ်စားလှယ်လောင်း** | **Sherrod Brown (D)** | **Jon Husted (R)** | **William B. Redpath (L)** |
|---|---|---|---|
| **နောက်ခံအချက်အလက်** | Brown သည် Ohio ပြည်နယ်၏ အမေရိကန်ပြည်ထောင်စု ဥပဒေပြုအထက်လွှတ်တော်အမတ်အဖြစ် 2007 ခုနှစ်မှ 2025 ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ သူသည် 1993 ခုနှစ်မှ 2007 ခုနှစ်အထိ Ohio ပြည်နယ်အတွက် အမေရိကန်ပြည်ထောင်စု အောက်လွှတ်တော် ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းမတိုင်မီ သူသည် 1975 ခုနှစ်မှ 1983 ခုနှစ်အထိ Ohio ပြည်နယ် အောက်လွှတ်တော်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ | Husted သည် Ohio ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးအဖြစ် 2011 ခုနှစ်မှ 2019 ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ 2019 ခုနှစ်မှ 2025 ခုနှစ်အထိ သူသည် Ohio ပြည်နယ်၏ လက်ထောက်အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ 2025 ခုနှစ်တွင် JD Vance ဒုတိယသမ္မတဖြစ်လာပြီးနောက် ၎င်းနုတ်ထွက်သွားသည့် လစ်လပ်နေရာကို အစားထိုးရန် Husted သည် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်တွင် ခန့်အပ်ခံခဲ့ရပါသည်။ | Redpath သည် Ohio ပြည်နယ်၊ Findlay မြို့မှ CPA (လက်မှတ်ရပြည်သူ့စာရင်းကိုင်) တစ်ဦးဖြစ်ပါသည်။ သူသည် အစိုးရရာထူးအတွက် ကိုးကြိမ်တိုင်တိုင် ဝင်ရောက်ယှဉ်ပြိုင်သည့် လစ်ဘာတာရီယန် ကိုယ်စားလှယ်လောင်းတစ်ဦး ဖြစ်ပါသည်။ သူသည် 2006 ခုနှစ်မှ 2010 ခုနှစ်အထိ လစ်ဘာတာရီယန် အမျိုးသားကော်မတီ (LNC) တွင် ဥက္ကဋ္ဌဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်း အပါအဝင် စုစုပေါင်း 24 နှစ်ကြာ LNC တွင် အဖွဲ့ဝင်ဖြစ်ခဲ့ပါသည်။ |
| **ကိုယ်စားလှယ်လောင်းများ၏ ဦးစားပေးမှုများနှင့် ၎င်းတို့၏ ရပ်တည်ချက်များ။** | ဂုဏ်သိက္ခာရှိစွာ အလုပ်လုပ်ကိုင်ခွင့်။ Ohio တွင် နေထိုင်သူများအား ၎င်းတို့ရပိုင်ခွင့်ရှိသည့် အငြိမ်းစားခံစားခွင့်များ ရရှိရေးသေချာစေခြင်း၊ လူမှုဖူလုံရေး ခံစားခွင့်များကို ထိန်းသိမ်းထားခြင်းနှင့် နိုင်ငံရပ်ခြားတွင်မဟုတ်ဘဲ Ohio ပြည်နယ်တွင် အလုပ်အကိုင်များကို ဆက်လက်ရရှိစေခြင်း။ | လူ့လတ်တန်းစားများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်များ ဖန်တီးရန်အတွက် Ohio အလုပ်သမားများကို ဦးစားပေးပါမည်။ ဖက်ဒရယ်အစိုးရထံမှ လုပ်ပိုင်ခွင့်များကို ပြည်နယ်နှင့် ဒေသဆိုင်ရာ အရာရှိများထံသို့ ပြန်လည်ပေးအပ်ပါမည်။ | ဖက်ဒရယ် အစိုးရ၏ အသုံးစရိတ်ကို လျှော့ချပါမည်။ လွတ်လပ်စွာ ပြောင်းရွှေ့နေထိုင်ခွင့်စနစ်က ဆင်းရဲမွဲတေမှုပပျောက်စေရေးအတွက် အမြဲတမ်း အကောင်းဆုံး အစီအစဉ်ဖြစ်ပါမည်။ လွတ်လပ်စွာ ပြောင်းရွှေ့နေထိုင်ခွင့်က ကမ္ဘာ့စီးပွားရေးထုတ်လုပ်မှု ပမာဏကို တိုးတက်စေပါမည်။ အရှေ့အလယ်ပိုင်း စစ်ပွဲကို ဆန့်ကျင်ကန့်ကွက်ပါမည်။ |
| **More info can be found at** | www.sherrodbrown.com | www.jonhustedforsenate.com/ | https://billredpath.com/ |

## အစိုးရအဖွဲ့ဝင်ဝန်ကြီး (ကိုယ်စားလှယ်လောင်းများကို ၎င်းတို့၏ အမည်နောက်ဆုံးစာလုံး အက္ခရာစဉ် အလိုက် ဖော်ပြထားသည်)

အစိုးရအဖွဲ့ဝင်ဝန်ကြီးသည် Ohio ပြည်နယ်အနှံ့ ရွေးကောက်ပွဲများဆိုင်ရာ စီမံခန့်ခွဲမှုကို ကြီးကြပ်ကွပ်ကဲသည်။ ၎င်းတို့သည် Ohio ပြည်နယ်၏ ရွေးကောက်ပွဲဥပဒေများကို ကြီးကြပ်၍ လိုက်နာကျင့်သုံးပြီး ပြန်လည်ဖွဲ့စည်းခြင်းအတွက် ဆုံးဖြတ်ချက်များချရာတွင် ကူညီပေးကာ လွတ်လပ်ပြီး တရားမျှတစွာ မဲပေးနိုင်ကြောင်း သေချာစေရန် လုပ်ဆောင်သည်။

| ကိုယ်စားလှယ်လောင်း | Tom Pruss (L) | Allison Russo (D) | Robert Sprague (R) |
|---|---|---|---|
| နောက်ခံအချက်အလက် | Pruss သည် Toledo၊ Ohio တွင် မွေးဖွား ကြီးပြင်းခဲ့သူဖြစ်သည်။ သူသည် ပုံနှိပ်လုပ်ငန်းနှင့် ဈေးကွက်ရှာဖွေရေး နယ်ပယ်တွင် လုပ်ကိုင်သည်။ သူသည် Northwest Ohio Polish Cultural Center (Northwest Ohio ပိုလန်ယဉ်ကျေးမှု စင်တာ) ၏ ဒုဥက္ကဋ္ဌဖြစ်သည်။ | အောက်လွှတ်တော်ကိုယ်စားလှယ် Allison Russo သည် Ohio ပြည်နယ် အောက်လွှတ်တော်၏ လူနည်းစုပါတီခေါင်းဆောင်ဟောင်းတစ်ဦး ဖြစ်သည်။ Allison Russo သည် The George Washington တက္ကသိုလ်မှ ကျန်းမာရေးပေါ်လစီ ဒေါက်တာဘွဲ့နှင့် Birmingham ရှိ Alabama တက္ကသိုလ်မှ ပြည်သူ့ကျန်းမာရေးနှင့် ကူးစက်ရောဂါ ပျံ့ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ မဟာဘွဲ့ ရရှိထားသည်။ သူမသည် ခင်ပွန်းနှင့် ကလေးသုံးယောက်နှင့်အတူ Upper Arlington တွင် နေထိုင်သည်။ | Robert Sprague သည် Findlay ၏ မြို့တော်ဘဏ္ဍာရေးမှူးအဖြစ် သူ၏ နိုင်ငံရေးလမ်းကြောင်းကို စတင်ခဲ့သည်။ 2007 ခုနှစ်တွင် သူသည် စာရင်းစစ်အဖြစ် Findlay မြို့တော်ကို ဘဏ္ဍာရေးပိုင်းအရ ဆက်လက်ပံ့ပိုး ကူညီပေးခဲ့သည်။ 2011 ခုနှစ်တွင် ပြည်နယ်အောက်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့သည်။ 2019 ခုနှစ်မှ လက်ရှိအထိ ပြည်နယ်ဘဏ္ဍာရေးမှူး အဖြစ် ဆောင်ရွက်လျက်ရှိသည်။ Sprague သည် သားသမီးငါးယောက်၏ ဖခင်ဖြစ်ပြီး Findlay တွင် ဘုရားကျောင်းအဖွဲ့ဝင်ဖြစ်ကာ Duke မှ ဂုဏ်ထူးဆောင်ဘွဲ့ဖြင့်လည်း ဘွဲ့ရခဲ့သူဖြစ်သည်။ |
| ကိုယ်စားလှယ်လောင်းများ၏ ဦးစားပေးမှုများနှင့် ၎င်းတို့၏ ရပ်တည်ချက်များ။ | • လူတိုင်းအတွက် မဲပေးပိုင်ခွင့် ကာကွယ်ရေး<br>• အစိုးရ ပွင့်လင်းမြင်သာမှုရှိစေရေး<br>• မဲဆန္ဒရှင် ဖိနှိပ်ခံရမှု မရှိဘဲ လုံခြုံသော ရွေးကောက်ပွဲများ ဆောင်ရွက်ရေး<br>• Ohio အသေးစား စီးပွားလုပ်ငန်းများကို ပံ့ပိုးကူညီရေး | • နောက်မျိုးဆက်သစ်များကို မြှင့်တင်ပေးရေး<br>• လူမှုအသိုင်းအဝိုင်း<br>• စီးပွားရေးလုပ်ငန်းများ ခေတ်မီတိုးတက်စေရေး<br>• ပွင့်လင်းမြင်သာမှုရှိစေရေး<br>• လုံခြုံသော ရွေးကောက်ပွဲများ<br>• ဒီမိုကရေစီ<br>• စီးပွားရေးဆိုင်ရာ လုံခြုံမှု | • စွန့်ပစ်ပစ္စည်း လျှော့ချရေး<br>• လူတစ်ဦးသေဆုံးပြီးနောက် ၎င်း၏ကျန်ရစ်ပစ္စည်းဥစ္စာနှင့် ငွေကြေးများကို အမွေဆက်ခံခဲ့ဝေချိန်တွင် ပေးဆောင်ရသည့် အခွန် ဖယ်ရှားရေး<br>• ရွေးကောက်ပွဲဆိုင်ရာ လုံခြုံမှု<br>• မျှတမှုရှိသော ဘတ်ဂျက်များ |
| နောက်ထပ်အချက်အလက်များကို ဤနေရာတွင် ရှာဖွေကြည့်ရှုနိုင်သည် | votepruss.com/ | https://allisonrusso.com/ | www.spragueforohio.com |

# ရှေ့နေချုပ် (ကိုယ်စားလှယ်လောင်းများကို ၎င်းတို့၏ အမည်နောက်ဆုံးစာလုံး အက္ခရာစဉ်အလိုက် ဖော်ပြထားသည်)

Ohio ရှေ့နေချုပ်သည် ပြည်နယ်၏ ဥပဒေအရာရှိချုပ်ဖြစ်သည်။ ဤရာထူးသည် ပြည်နယ်၏ အများပြည်သူ အကျိုးစီးပွားကို ကိုယ်စားပြု ဆောင်ရွက်ရန် တာဝန်ရှိပြီး ပြည်နယ်အေဂျင်စီများနှင့် ပြည်နယ်အရာရှိများအား ဥပဒေရေးရာ ဆွေးနွေးအကြံပြုမှု ပေးအပ်သည်။ ၎င်းတို့သည် Ohio ပြည်နယ် တရားရုံးချုပ်ရှေ့မှောက်၌ ပြည်နယ်အတွက် အကျိုးစီးပွားရှိနိုင်သည့် တရားမမှု သို့မဟုတ် ရာဇဝတ်မှုဆိုင်ရာ အမှုကိစ္စမှန်သမျှတွင် ပြည်နယ်ကို ကိုယ်စားပြုဆောင်ရွက်သည်

| ကိုယ်စားလှယ်လောင်း | **Keith Faber (R)** | **John J. Kulewicz (D)** |
|---|---|---|
| **နောက်ခံအချက်အလက်** | သစ္စာရှိသော ခင်ပွန်းနှင့် သားသမီးနှစ်ယောက်၏ ဖခင်ဖြစ်သည်<br>Ohio ၏ 33 ဦးမြောက် ပြည်နယ်စာရင်းစစ်အဖြစ် ယခု တာဝန်ထမ်းဆောင်နေသည် | ခင်ပွန်းသည်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ယောက်၏ ဖခင်ဖြစ်သည်<br>Upper Arlington မြို့တော်ကောင်စီတွင် 2020 ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်ခဲ့သည် |
| **ကိုယ်စားလှယ်လောင်းများ၏ ဦးစားပေးမှုများနှင့် ၎င်းတို့၏ ရပ်တည်ချက်များ။** | • အခွန်ထမ်းဒေါ်လာငွေများကို ကာကွယ်ပေးရေး<br>• မူးယစ်ဆေးဝါး အလွန်အကျွံ ကျယ်ပြန့်စွာ သုံးစွဲလာမှုကို ပပျောက်အောင် တိုက်ဖျက်ရေး<br>• ဥပဒေစိုးမိုးရေးကို ပံ့ပိုးကူညီရေး<br>• လူကုန်ကူးမှုမှ လွတ်မြောက်လာသူများအား ပံ့ပိုးကူညီရေး | • နေထိုင်မှုကုန်ကျစရိတ် လျှော့ချရေး<br>• ဘေးကင်းလုံခြုံရေးနှင့် ဥပဒေစိုးမိုးရေး<br>• ပွင့်လင်းမြင်သာမှုရှိစေရေး |
| **နောက်ထပ်အချက်အလက်များကို ဤနေရာတွင် ရှာဖွေကြည့်ရှုနိုင်သည်** | https://www.keithfaber.org/ | https://john4ohioag.com/ |

# ဘဏ္ဍာရေးမှူး (ကိုယ်စားလှယ်လောင်းများကို ၎င်းတို့၏ အမည်နောက်ဆုံးစာလုံး အက္ခရာစဉ်အလိုက် ဖော်ပြထားသည်)

ပြည်နယ်ဘဏ္ဍာရေးမှူးသည် ပြည်နယ်အခွန်များ ကောက်ခံရန်၊ ပြည်နယ်ရန်ပုံငွေများကို စီမံခန့်ခွဲရန်နှင့် အဆိုပါ ငွေများကို သင့်လျော်သော ရည်ရွယ်ချက်များအတွက် ဖြန့်ဝေ/ထုတ်ပေးရန် တာဝန်ရှိသည်။

| ကိုယ်စားလှယ်လောင်း | Jay Edwards (R) | Seth Walsh (D) |
| --- | --- | --- |
| နောက်ခံအချက်အလက် | သူသည် Nelsonville၊ Ohio မှ ဖြစ်သည်။ သူသည် Ohio တက္ကသိုလ်မှ သချာ ဘာသာရပ်ဆိုင်ရာ သိပ္ပံဘွဲ့ရရှိထားသည်။ သူသည် အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီကို စတင်ခဲ့ပြီး ယခုအချိန်အထိ စီမံခန့်ခွဲလျက်ရှိသည်။ Ohio ၏ 94 ခုမြောက် ခရိုင်အတွက် ပြည်နယ်အောက်လွှတ်တော် ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည် (2017 ခုနှစ်မှ 2024 ခုနှစ်အထိ)။ သူသည် အောက်လွှတ်တော်ရှိ လူများစုပါတီ၏ ပါတီစည်းကမ်းထိန်းသိမ်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး နောက်ပိုင်းတွင် အောက်လွှတ်တော် ဘဏ္ဍာရေး ကော်မတီဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။ | 2022 ခုနှစ်မှစ၍ Cincinnati မြို့တော်ကောင်စီအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ Cincinnati အငြိမ်းစားစနစ် အုပ်ထိန်းရေးဘုတ်အဖွဲ့၏ အဖွဲ့ဝင်ဖြစ်ခဲ့သည်။ Cincinnati ရွေးကောက်ပွဲကော်မရှင်၏ ဥက္ကဋ္ဌနှင့် Friends of the Taft Family Legacy ၏ ဥက္ကဋ္ဌလည်း ဖြစ်ခဲ့သည် College Hill မြို့ပြပြန်လည်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း၏ အမှုဆောင် ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည် |
| ကိုယ်စားလှယ်လောင်းများ၏ ဦးစားပေးမှုများနှင့် ၎င်းတို့၏ ရပ်တည်ချက်များ။ | • အိမ်ခြံမြေအခွန်များနှင့် လျှပ်စစ်ဓာတ်အားခများ လျှော့ချရေး။<br>• အခွန်ဒေါ်လာငွေများအား တာဝန်မဲ့စွာ အသုံးပြုမှု လျှော့ချရေး | • Ohio ပြည်နယ် စိုက်ပျိုးမွေးမြူရေးကို ပံ့ပိုးကူညီရေး<br>• ပြည်သူ့ကဏ္ဍဆိုင်ရာ အလုပ်ရှင်များထံတွင် ရင်းနှီးမြှုပ်နှံခြင်း<br>• အခွန်ထမ်းဒေါ်လာငွေများကို ကာကွယ်ပေးရေး<br>• ရပ်ကွက်များကို ပိုမိုသာယာလှပ၍ တိုးတက်လာအောင် မြှင့်တင်ရေး |
| နောက်ထပ် အချက်အလက်များကို ဤနေရာတွင် ရှာဖွေကြည့်ရှုနိုင်သည် | https://www.edwardsforohio.com/ | https://sethwalshforohio.com/ |

This project was financially assisted by the Ohio State Bar Foundation. The views expressed herein do not necessarily represent those of the Ohio State Bar Foundation.